
တစ်ကျောင်းကိုတစ်နှစ်လျှင် ငွေကျပ် ၈ သိန်းမှ ၁၆ သိန်းအထိပံ့ပိုးပြီး ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၄၆ ဘီလီယံအထိ သုံးစွဲခဲ့ပါသည်။၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ မြန်မာနိုင်ငံ၏ နှစ်အလိုက်ပညာရေးအသုံးစရိတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ မြန်မာနိုင်ငံ၏ နှစ်အလိုက်ပညာရေးအသုံးစရိတ်များ[13]

## တိုင်းရင်းသားဘာသာသင်ကြားရေး

၁၀။ ကျောင်းချိန်ပြင်ပတိုင်းရင်းသား ဘာသာစကားသင်ကြားနိုင်ရေးအတွက်၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်မှ စတင်ကာ မွန်၊ ရခိုင်၊ ပအိုဝ်း၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင် ဘာသာများကို သင်ကြားပေးလျက်ရှိပါသည်။ ထို့ပြင်ရှမ်း(တိုင်းလုံ၊ တိုင်းနိုင်း)၊ အင်းသား၊ ဓနု၊ ပလောင်၊ အာခါ၊ လားဟူ၊ နာဂ၊ ကယား၊ ကယန်း၊ ကယော၊ ကချင် (ဂျိမ်းဖော၊ ဇိုင်ဝါး၊ လချိတ်၊ လော်ဝေါ်)၊ ချင်း (ဟားခါး၊ ဖလမ်း၊ တီးတိန်) စသည့် တိုင်းရင်းသားစာပေစာအုပ်များကို ပြုစုစိစစ်ပြီး ရိုက်နှိပ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။[14]

## ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ

၁၁။ နိုင်ငံတကာအကူအညီများအနေဖြင့် ပြည်တွင်းပြည်ပအလှူရှင်များ ဆောက်လုပ်လှူဒါန်းသည့် အခြေခံပညာကျောင်းပေါင်း ၁၃၅၀ ရှိပြီး တန်ဖိုးငွေကျပ် ၇၁ ဘီလီယံကျော်ရှိပါသည်။ ရေကြီးနှစ်မြုပ်မှုသဘာဝဘေးကြောင့် ပျက်စီးခဲ့သည့်ကျောင်းများ ပြန်လည်ပြုပြင်ရန်အတွက် အစိုးရဘတ်ဂျက်နှင့် ပြည်တွင်းပြည်ပထောက်ပံ့ငွေများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါ

[13] နိုင်ငံတော်သမ္မတရုံး၊ အနာဂတ်တွင် ငွားငွားစွင့်စွင့်ပွင့်လန်းစေမည့် ပန်းပျိုးလက်၏ ပညာရေးကြိုးပမ်းမှုများ၊ နိုင်ငံတော်သမ္မတရုံး၊ http://www.president-office.gov.mm/?q=issues/education/id-9934 မှရရှိပါသည် (ကြည့်ရှုသည့်ရက် - ဒီဇင်ဘာလ ၃၁၊ ၂၀၁၅)
[14]ibid